# Briefing Paper: Human Rights Defenders Forum

**၂၄ ရက်၊ အောက်တိုဘာ၊ ၂၀၂၅ ခုနှစ်။**

“**လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဖိုရမ်**” ကို ညီမျှခြင်းမြန်မာ (Equality Myanmar) နှင့် လက်တွဲလုပ်ဆောင်နေသည့် အဖွဲ့အစည်းများက ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ အွန်လိုင်းဆွေးနွေးမှုဖြင့် (၃)ရက်တာ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။
လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများ စုစုပေါင်း ၁၀၇ ဦးတို့ ဖိုရမ်ကို တက်ရောက်ခဲ့ပြီး အမျိုးသား (၃၉) ဦး၊ အမျိုးသမီး (၆၃) ဦး၊ လိင်တူ မဟုတ်သူများ (၂) ဦး၊ ထုတ်ဖော်မပြောလိုသူများ (၂) ဦးနှင့် Transgender Man (၁)တို့ ပါဝင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို မီးမောင်းထိုးပြခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို သက်ဆိုင်သူများအကြား တိုးမြှင့်ခြင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် ဒီမိုကရေစီလိုလားသူများကြား စည်းရုံးညီညွတ်မှုကိုပြသနိုင်ရန် နှင့် လူ့အခွင့်အရေး တရားမျှတရေးဆိုင်ရာ တောင်းဆိုမှုအသံများကိုထုတ်ဖော်နိုင်ရန်အတွက် ဖိုရမ်ကို ရည်ရွယ် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

**၁) ပဋိပက္ခနှင့်ဆက်နွယ်ပြီးဖြစ်ပွားခဲ့ရသော လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများ ၂) လက်နက် ပဋိပက္ခအတွင်း ကလေးသူငယ်များ၏ အခန်းကဏ္ဍ ၃) မြန်မာ့ လူငယ်များ၏ အခန်းကဏ္ဍများ ကို ဖိုရမ်တွင် အဓိကထား ဆွေးနွေးခဲ့ကြသည်။**

ဖိုရမ်ကို တက်ရောက်ခဲ့သည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကလည်း သက်ဆိုင်သူများ ဖြစ်သည့် အရပ်ဖက် အဖွဲ့အစည်းများ၊ အလှူရှင် အဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ နှင့် အမျိုးသား ညီညွတ်ရေးအစိုးရတို့ ကို အောက်ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ပေးနိုင်ရန် အကြံပြု တောင်းဆိုအပ်ပါသည်။

Equality Myanmar

# Briefing Paper: Human Rights Defenders Forum

## ၁) ပဋိပက္ခနှင့်ဆက်နွယ်ပြီးဖြစ်ပွားခဲ့ရသော လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများနှင့်ပတ်သက်ပြီး အရပ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများသို့ တောင်းဆိုအကြံပြုချက်များ

- ပဋိပက္ခနှင့်ဆက်နွယ်ပြီးဖြစ်ပွားခဲ့ရသော လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများအတွက် သက်သေအထောက်အထားများကို စနစ်တကျ စေ့စပ်သေချာကောင်းမွန်စွာ စုဆောင်းထားကြရန်။
- **"Do No Harm" နဲ့ "Do It Right"** ကို မူဝါဒ နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်။
- တရားစွဲဆိုရေးဌာနများ (ယူနစ်) ထူထောင်သွားရန် နှင့် တရားဥပဒေစိုးမိုးရေးသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပို့ချသွားရန်။
- လူထုအခြေပြု အဖွဲ့အစည်းများ ပူးပေါင်းမှုဖြင့် နစ်နာသူဗဟိုပြု လုပ်ငန်းစဉ်များနှင့် အရင်းအမြစ်အခြေပြုမြေပုံများစုစည်းကာ ဂျန်ဒါအခြေပြုလိင်ပိုင်း ဆိုင်ရာချိုးဖောက်မှု လုပ်ငန်းစဉ်ထဲ ထည့်သွင်းသွားရန်။
- နိုင်ငံတကာသို့ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများ လုပ်ဆောင်သွားရန် နှင့် ယင်းလုပ်ငန်းစဉ်များအတွက် ရေရှည်ပြောင်းလွယ်ပြင်လွယ် ထောက်ပံ့မှုများ တောင်းဆိုသွားရန်။

## ၂) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ အရပ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများထံ တောင်းဆိုအကြံပြုချက်များ

- စိတ်ပိုင်းဆိုင်ရာဖြေသိမ့်ဆွေးနွေးပေးခြင်းဆိုင်ရာသင်တန်း နှင့် ဘဝရပ်တည်ရေး သင်တန်းများကို ကလေးသူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် လုပ်ဆောင်သွားပေးရန်။
- အခြေခံပညာကို အခမဲ့သင်ကြားရေး စနစ်ဖြင့် လုပ်ဆောင်သွားရန်။
- Child-friendly spaces, community child centers, child participation mechanisms ဖန်တီးလုပ်ဆောင်ပေးရန်။
- Code of Conduct ထဲသို့ **"No Child Soldiers"** မူဝါဒ ထည့်သွင်းပေးရန်။
- Emergency support (health, education supplies, psycho-social services) အတွက် ရန်ပုံငွေ အစီအစဥ်များ ချမှတ် လုပ်ဆောင်သွားပေးရန်။
- NUG အနေဖြင့် ကလေးစစ်သား မရှိစေရန် မူဝါဒ ချမှတ်လုပ်ဆောင်သွားရန်။
- NUG လက်အောက်ခံ လက်နက်ကိုင်အဖွဲ့များကို ကလေးစစ်သားစုဆောင်းမှုကို မဖြစ်ပေါ်စေရေး အဓိက ကြီးကြပ် လုပ်ဆောင်သွားရန်။
- NUG အနေဖြင့် ကလေးစစ်သားစုဆောင်းမှု မဖြစ်စေရေးအတွက် လက်နက် ကိုင်အဖွဲ့များကို ထိရောက်စွာ စောင့်ကြည့်ရန် နှင့် အရေးပေါ် ဥပဒေ/မူဝါဒများ ထုတ်ပြန်ပေးရန်။
- ခေါင်းဆောင်အဆင့်တွင် ကလေးငယ်များအတွက် ရေရှည်စီမံကိန်းများ ချမှတ် ပေးရန် နှင့် ကလေးစစ်သား အသုံးမပြုရေး သဘောတူညီမှုရရှိအောင် ဆောင်ရွက်ပေးရန်။
- တပ်ဖွဲ့အဆင့်တွင် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ အဓိကထား ဆောင်ရွက်ပေးရန်၊ ကလေးသူငယ်များအတွက် သီးသန့်ရန်ပုံငွေထားပေးခြင်း နှင့် မိသားစု ပြန်လည် ပေါင်းစည်းရေး အစီအစဥ်များ လုပ်ဆောင်ရန်။
- ခေါင်းဆောင်အဆင့်မှ တပ်ဖွဲ့အဆင့်သို့ အသိပညာပေးနှင့် လေ့လာစောင့်ကြည့်ရေး အစီအစဥ်များ ချမှတ်သွားရန်။

## ၃) မြန်မာ့ လူငယ်များ၏ အခန်းကဏ္ဍများနှင့် ပတ်သက်ပြီး အရပ်ဖက်အဖွဲ့အစည်းများ/လူငယ်များနှင့်အလှူရှင်အဖွဲ့အစည်းများထံတောင်းဆိုအကြံပြုချက်များ

- အဓိကအားဖြင့် ဒီဂျစ်တယ်နည်းပညာ (Digital) နှင့် သတင်းအချက်အလက်နည်းပညာ (IT) လူငယ်များ ပိုမိုလေ့လာနိုင်ရေးအတွက် လုပ်ဆောင်ပေးသွားရန်။
- ဒီဂျစ်တယ် နှင့် သတင်းအချက်အလက် နည်းနာများနှင့် သက်ဆိုင်သည့် **“ရှောင်ရန် ဆောင်ရန်“** များကို အဖွဲ့အစည်းများက ဦးဆောင်ပြီး လူမှု မီဒီယာကွန်ယက်များမှတဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိ လုပ်ဆောင်သွားပေးရန်။
- အဖွဲ့အစည်းများမှလည်း လိုအပ်သည့်နည်းပညာဆိုင်ရာများကို သိရှိအောင် လုပ်ဆောင်သွားရန်။
- ကွန်ယက်ချိတ်ဆက်မှု နှင့်ပတ်သက်ပြီး အသိပညာဗဟုသုတများကို ဖြန့်ဝေသွားမည့် ကဏ္ဍများ စီစဉ်ဆောင်ရွက်သွားရန်။
- နည်းပညာပိုင်းဆိုင်ရာ လုံခြုံရေးချိုးဖောက်မှုခံရမှုများနှင့် လူပုဂ္ဂိုလ်ကြောင့်ဖြစ်ပွားသည့် လုံခြုံရေးဆိုင်ရာချိုးဖေါက်မှုများတွက် ကာကွယ်နိုင်သည့် အသိပညာဗဟုသုတများ ဖန်တီး လုပ်ဆောင်ပေးရန်။